**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၂၄) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေး၊ (၃၀) ကြိမ်မြောက်အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၁၀၀၀ နာရီမှစတင်၍ video conference ဖြင့် ကျင်းပပြုလုပ်သည့်(၂၄) ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကောင်စီအစည်းအဝေး၊ (၃၀)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးများတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၊ နိုင်ငံ ခြားရေးဝန်ကြီး (၂) H.E. Dato Erywan Pehin Yusof က သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက် ခဲ့ကြသည်။

(၂၄)ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်း အဝေးတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ၊ ကဏ္ဍအသီးသီးတွင် ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်မှုအခြေအနေများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အလားတူ (၃၀) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါတိုက်ဖျက်ရေး အာဆီယံ၏ ဦးစားပေးလုပ်ငန်းများ၊ (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက် အာဆီယံနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများအပေါ် ညှိနှိုင်းခဲ့ကြပြီး၊ အဆိုပါ ထိပ်သီးအစည်းအဝေးများသို့ တင်ပြမည့် စာရွက်စာတမ်းများကို အတည်ပြုခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ၂၀၂၁ခုနှစ် အာဆီယံ၏ ဦးစားပေးလုပ်ငန်း များအကောင်အထည်ဖော်မှု၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးဆိုင်ရာကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ရေးရာကိစ္စရပ်များနှင့် အာဆီယံ၏ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှု အခြေအနေများကို ဆွေးနွေး ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံမှ ညှိနှိုင်းရေးမှူး တာဝန်ယူလျက်ရှိသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည့်ကိစ္စ၊ အာဆီယံ-တရုတ် နှစ်(၃၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးကိစ္စ၊ အာဆီယံ ခေါင်းဆောင်များအစည်းအဝေး၏ တူညီဆန္ဒ(၅)ချက် အကောင်အထည် ဖော်ဆောင်လျက်ရှိသည့် အခြေ အနေနှင့် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်း လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီး များလည်း တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

(၄-၁၀-၂၀၂၁ ရက်၊ နေပြည်တော်)